# ငွေကြေး အစီအစဉ်များနှင့် အထောက်အပံ့ မူဝါဒ-
# နားလည်လွယ်သော အသုံးအနှုန်းဖြင့် အနှစ်ချုပ်

## အကျဉ်းချုပ်

ကျွန်ုပ်တို့၏ ရည်ရွယ်ချက်အတိုင်း လုပ်ဆောင်ခြင်း - *ကျန်းမာရေးအသိ လှုံ့ဆော်ပေးရန်။ နွေးထွေးသောမေတ္တာဖြင့် ဝန်ဆောင်မှုပေးရန်။ ပြောင်းလဲမှုကို ဖော်ဆောင်ရန်။* –Prisma Health သည် ဆေးကုသစရိတ် တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ အပြည့်အဝကိုဖြစ်စေ မပေးနိုင်သည့် လူနာများအတွက် ငွေကြေး အကူအညီများ ပံ့ပိုးပေးရန် အလေးထား ဆောင်ရွက်နေပါသည်။

အောက်ပါ အချက်အလက်များတွင် Prisma Health ၏ ငွေကြေး အစီအစဉ်များနှင့် အထောက်အပံ့ မူဝါဒအကြောင်း ရေးသားဖော်ပြထားပါသည်။

## ငွေကြေး အကူအညီ ရရှိနိုင်မှု

ကျန်းမာရေး စောင့်ရှောက်မှုအတွက် ဆရာဝန်နှင့်ပြသသည့်အခါ ကျန်းမာရေး အာမခံ တစ်စိတ်တစ်ပိုင်း ရှိသူ လူနာအပေါ် ဖြစ်စေ၊ လုံးဝ မရှိသူ လူနာအပေါ် ဖြစ်စေ (အာမခံ မထားထားသူဖြစ်စေ၊ အာမခံ ထားထားသူဖြစ်စေ) မျှော်လင့်မထားသည်များအတွက် ငွေရေးကြေးရေး ပြင်ဆင်ရမှုများ ရှိနေနိုင်ကြောင်းကို Prisma Health အနေဖြင့် နားလည် သဘောပေါက်ထားပါသည်။

ငွေကြေးအကူအညီအတွက် အရည်အချင်း ပြည့်မီနိုင်သည်ဟု ယုံကြည်သူ မည်သည့်လူနာမဆို ငွေကြေး အကူအညီ လျှောက်လွှာကို ဖြည့်စွက်ပြီး တင်သွင်းကြပါဟု တိုက်တွန်းလိုပါသည်။

## ခံစားခွင့် သတ်မှတ်ချက်များ

အာမခံ ထားရှိသည်ဖြစ်စေ၊ မထားရှိသည်ဖြစ်စေ ဝင်ငွေနှင့် ပိုင်ဆိုင်မှု အကန့်အသတ် သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် မည်သည့်လူနာမဆို Prisma Health (နှင့် အခြား ဝန်ဆောင်မှုပေးသူအချို့) က ပံ့ပိုးပေးသည့် အရေးပေါ်နှင့် အခြား ဆေးဘက်ဆိုင်ရာ လိုအပ်သော စောင့်ရှောက်မှုအတွက် ငွေကြေး အကူအညီကို ရရှိနိုင်ပါသည်။ ပြန်လည်သုံးသပ်သည့် လုပ်ငန်းစဉ်တွင် Healthcare Exchange၊ Medicaid နှင့် အခြား ငွေကြေးထောက်ပံ့ပေးသည့် အဖွဲ့အစည်းများမှတစ်ဆင့် အာမခံငွေ ရရှိနိုင်ခြင်း ရှိ၊ မရှိ အလားအလာကို အကဲဖြတ်ခြင်း ပါဝင်သည်။

ယေဘုယျအားဖြင့် ဖက်ဒရယ် ဆင်းရဲနွမ်းပါးမှု လမ်းညွှန်ချက်များ (Federal Poverty Guidelines, FPG) နှင့် လူနာ၏ ပိုင်ဆိုင်မှုများကို အခြေခံပြီး အိမ်ထောင်စု၏ စုစုပေါင်း ဝင်ငွေအလိုက် ငွေကြေး အကူအညီပေးမည့် ပမာဏကို ဆုံးဖြတ်ပါသည်။

FPG ၏ သတ်မှတ်ချက် 200% မှ 400% အထိအတွက် အထူးဈေးလျှော့ပေးသည့် သတ်မှတ်ရာခိုင်နှုန်းကို Medicare ၏ အတိတ်ကို ပြန်သုံးသပ် ဆုံးဖြတ်သည့် နည်းလမ်းအပေါ် အခြေခံကာ နှစ်စဉ် ပြင်ဆင်မွမ်းမံပါသည်။

အရေးပေါ်အတွက် ဖြစ်စေ၊ အခြား ဆေးဘက်ဆိုင်ရာ လိုအပ်သည့် စောင့်ရှောက်မှုအတွက် ဖြစ်စေ ငွေကြေး အစီအစဉ်များနှင့် အထောက်အပံ့ မူဝါဒအောက်ရှိ ငွေကြေး အကူအညီအတွက် သတ်မှတ်ချက်မပြည့်မီသူများထံမှ ကောက်ခံသည့်ပမာဏသည် အာမခံ ထားရှိသူများထံမှ ယေဘုယျ ကောက်ခံသည့် ပမာဏ (Amounts Generally Billed, AGB) ထက် ကျော်လွန်မည် မဟုတ်ပါ။ လူနာတွင် အာမခံငွေ လုံလောက်မှုရှိလျှင် သို့မဟုတ် ပိုင်ဆိုင်မှုများ အလုံအလောက် ရှိလျှင် သူ သို့မဟုတ် သူမသည် ငွေကြေး အကူအညီကို ခံစားခွင့်ရမည် မဟုတ်ပါ။ Prisma Health ၏ ငွေကြေး အစီအစဉ်များနှင့် အထောက်အပံ့ မူဝါဒရှိ ရှင်းလင်းချက်ကို ကိုးကား ဖတ်ရှုပါ။

**လျှောက်ထားမှု လုပ်ငန်းစဉ်အကြောင်း**

ကျွန်ုပ်တို့၏ ငွေကြေး အစီအစဉ်များနှင့် အထောက်အပံ့ အစီအစဉ်အောက်ရှိ ငွေကြေး အကူအညီအတွက် လျှောက်ထားမှုလုပ်ငန်းစဉ်တွင် အောက်ပါ အဆင့်လေးဆင့် ပါဝင်ပါသည်-

1. ငွေကြေး အစီအစဉ် လျှောက်လွှာပုံစံကို ဖြည့်စွက်ပြီး လိုအပ်သည့် အထောက်အား စာရွက်စာတမ်းအားလုံးကို ထည့်သွင်းပေးပါ။ လိုအပ်သော စာရွက်စာတမ်းများကို မတင်ပြလျှင် သင်၏ လျှောက်လွှာသည် ပယ်ချခံရပါမည်။

2. သင့်ဝင်ငွေ၊ မိသားစု အရွယ်အစားနှင့် အခြား ပိုင်ဆိုင်မှုများကို ပြန်လည်သုံးသပ်ပြီး ဤစာရွက်စာတမ်း၏ ခံစားခွင့် သတ်မှတ်ချက်များကဏ္ဍတွင် ဖော်ပြထားသော FPG ကို အခြေခံကာ သင့်အတွက် ကူညီပေးမည့် ငွေပမာဏကို ဆုံးဖြတ်ပါမည်။

3. သင်သည် သင့်စောင့်ရှောက်မှုအတွက် ပေးချေပေးနိုင်မည့် အာမခံ အကျိုးခံစားခွင့်များ သို့မဟုတ် အခြား ငွေကြေးထောက်ပံ့ပေးသည့် အဖွဲ့အစည်းများထံမှ ခံစားခွင့်များ ရနိုင်ခြင်း ရှိ၊ မရှိ လေ့လာရပါမည် (Healthcare Exchange၊ Medicaid၊ အလုပ်သမား နစ်နာကြေးနှင့် မော်တော်ယာဉ် အာမခံတို့မှတစ်ဆင့် ရရှိနိုင်သည့် အာမခံကြေးကဲ့သို့)။ သင့်အား ကူညီကာ သင့်လျော်သည့် အဖွဲ့အစည်းများကို ရှာဖွေပေးနိုင်သည့် ကိုယ်စားလှယ်များ ကျွန်ုပ်တို့တွင် ရှိပါသည်။

4. ကျွန်ုပ်တို့၏ ငွေကြေး အကူအညီနှင့် အစီအစဉ်များ မူဝါဒအောက်ရှိ ငွေကြေး အကူအညီကို သင် ခံစားခွင့်ရရှိလျှင် သင့်ကို အကြောင်းကြားပါမည်။

**ငွေတောင်းခံသည့် လုပ်ငန်းစဉ်/ငွေပေးချေရန် အစီအစဉ်များအကြောင်း**

Prisma Health သည် အာမခံ ထားရှိသည်ဖြစ်စေ၊ အာမခံ မထားရှိသည်ဖြစ်စေ ငွေအကြေး အကူအညီအတွက် သတ်မှတ်ချက်မပြည့်မီသည့် လူနာများအတွက် ရွေးချယ်စရာ နည်းလမ်းများကို ကမ်းလှမ်းပေးထားပါသည်။ ကိုယ်စားလှယ်များက သင်၏ အာမခံ သို့မဟုတ် ငွေကြေး အကူအညီအောက်တွင် အကျုံးမဝင်သော ကျန်ရှိသည့်ကျသင့်ငွေများအတွက် ပေးရန် အစီအစဉ်များ ကူညီပြုလုပ်ပေးနိုင်ပါသည်။

သင်၏ ပထမဆုံး အသိပေးချက်ကို ပြုလုပ်ပြီး ရက်ပေါင်း 120 အတွင်း သင့်ထံဆက်သွယ်ကာ ငွေစာရင်းရှင်းတမ်းများကို စာတိုက်မှ ပေးပို့ပါမည် သို့မဟုတ် သင့်ကို ဖုန်းခေါ်ဆိုကာ ငွေတောင်းခံလွှာ(များ) အကြောင်း သတိပေးပါမည်။ ဤရက်ပေါင်း 120 အတွင်း ငွေတောင်းခံလွှာများအတွက် ကျသင့်ငွေ(များ)ကို အပြည့်အဝ ပေးချေပြီး ငွေပေးချေရန် အစီအစဉ်တစ်ခု ပြုလုပ်ပါ သို့မဟုတ် ငွေကြေး အကူအညီအတွက် လျှောက်ထားပါ။

ပထမဆုံး ငွေတောင်းခံသည့်ရက်စွဲမှစ၍ 120 ရက်အတွင်း မပေးချေသော သို့မဟုတ် ငွေပေးချေရန် အစီအစဉ်များ မပြုလုပ်သော ငွေတောင်းခံလွှာများကို သင်၏ အကြွေးမှတ်တမ်းတွင် ထည့်ခြင်း၊ အကြွေးကောက်ပေးသည့် အေဂျင်စီထံ ပေးပို့ခြင်း သို့မဟုတ် ရှေ့နေထံ ပို့ခြင်း သို့မဟုတ် အိမ်၊ ခြံ၊ မြေ သို့မဟုတ် ကိုယ်ပိုင် ပစ္စည်းတစ်ခုခုကို အာမခံအဖြစ် ထားရန် တိုင်ကြားခြင်းတို့ ပြုလုပ်နိုင်သည်။ ငွေကောက်ခံသည့် လုပ်ငန်းစဉ်ကို ဆောင်ရွက်နေစဉ် သင်သည် ကိုလံဘီယာတွင် သုံးစွဲသူ ဝန်ဆောင်မှုဌာန၏ ဖုန်းနံပါတ်ဖြစ်သော 803-434-3834၊ Greenville တွင် 864-454-9604 သို့မဟုတ် 1-844-302-8298 (ဖုန်းခေါ်ခ အခမဲ့) သို့မဟုတ် Sumter တွင် 803-774-8838 သို့ ဖုန်းခေါ်ကာ ငွေကြေး အကူအညီအတွက် လျှောက်ထားနိုင်ပါသည်။ ထိုသို့ လျှောက်ထားနိုင်သည့် သတ်မှတ်နောက်ဆုံးရက်မှာ ဝန်ဆောင်မှု ရရှိသည့်ရက်မှစ၍ ရှစ် (8) လမတိုင်မီ ဖြစ်သည်။

**နောက်ထပ် အချက်အလက်များကို ရယူရန် နေရာ**

ကျွန်ုပ်တို့၏ ငွေကြေး အစီအစဉ်များနှင့် အထောက်အပံ့ မူဝါဒ၊ ငွေကြေး အကူအညီ လျှောက်လွှာ ပုံစံ၊ Medicare နှင့် ပုဂ္ဂလိက အာမခံ ကြွေးဆုံး မူဝါဒအပြင် ငွေကြေး အကူအညီ လျှောက်ထားမှုအကြောင်း အချက်အလက် မိတ္တူကို အောက်ပါ နည်းလမ်း လေးခုဖြင့် ရယူနိုင်ပါသည်-

1 ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုဒ်ဖြစ်သော https://PrismaHealth.org/patients-and-guests/bill-pay/financial-assistance သို့ သွားရောက်ပါ

2 အောက်ပါ ဖုန်းနံပါတ်များထဲမှ တစ်ခုတွင် Prisma Health ၏ လူနာအတွက် ငွေကြေး ဝန်ဆောင်မှုများထံ ဖုန်းခေါ်ပါ။

- Columbia- 803-434-3834
- Greenville- 864-454-9604 သို့မဟုတ် 1-844-302-8298 (ဖုန်းခေါ်ခ အခမဲ့)

• ဆမ်တာ- 803-774-8838

3 လူနာ၏ တည်နေရာကိုလိုက်၍ အောက်ပါ လိပ်စာများမှ တစ်ခုထံ တောင်းဆိုချက်ကို စာတိုက်မှတစ်ဆင့် ပေးပို့ပါ-

• Columbia: Prisma Health, Attn: Financial Navigation/Patient Access, 5 Medical Park Dr., Columbia, SC 29203
• Greenville: Prisma Health, Attn: Financial Counseling/Patient Access, 255 Enterprise Blvd., Ste. 250, Greenville, SC 29615
• Sumter: Prisma Health, Attn: Financial Counseling/Patient Access, 129 N. Washington St., Sumter, SC 29150

4 Prisma Health ဆေးရုံသို့ သွားရောက်ပါ။ ငွေကြေး အကူအညီ လျှောက်လွှာ မိတ္တူကို ထုတ်ပေးရန် သို့မဟုတ် လူနာ/အာမခံပေးသူအား လျှောက်လွှာကို ကူညီဖြည့်စွက်ကာ ပေးပို့ပေးမည့် ကိုယ်စားလှယ်များ ရှိနေပါသည်။

Prisma Health သည် ကျွန်ုပ်တို့၏ ငွေကြေး အစီအစဉ်များနှင့် အထောက်အပံ့ မူဝါဒ၊ ငွေကြေး အကူအညီ လျှောက်လွှာပုံစံနှင့် ဤအနှစ်ချုပ်တို့ကို လူနည်းစု လူဦးရေက ပြောဆိုသည့် အဓိက ဘာသာစကားများသို့ ဘာသာပြန်ဆိုပေးကာ အင်္ဂလိပ်စကား မကျွမ်းကျင်သူများကို လက်ခံပြီး ကုသပေးနေပါသည်။